အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)
WOMEN'S LEAGUE OF BURMA

# ထုတ်ပြန်ကြေညာချက်

# အပြည်ပြည်ဆိုင်ရာ ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ပပျောက်ရေးနေ့

၂၀၂၁ ခုနှစ်၊ ဇွန်လ (၁၉) ရက်နေ့

ယနေ့ ဇွန်လ (၁၉) ရက်နေ့ ကျရောက်သော အပြည်ပြည်ဆိုင်ရာ ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုပပျောက်ရေးနေ့ အထိမ်းအမှတ်အဖြစ် မြန်မာစစ်တပ်အား ပြစ်ဒဏ်ပေးခြင်းမှ ကင်းလွတ်ခွင့်ကို အဆုံးသတ်ရေးနှင့် ပဋိပက္ခအတွင်း ကျူးလွန်သည့် စစ်အစိုးရအား တာဝန်ခံစေရန် အရေးယူ ဆောင်ရွက်ရေးအတွက် ကြိုးပမ်းနေသည့် မိမိတို့ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) ၏ လှုပ်ရှားဆောင်ရွက်မှုများတွင် ပူးပေါင်းပါဝင်ရန် နှိုးဆော်လိုက်ပါသည်။

နှစ်ပေါင်း (၇၀) ကျော်ကြာပြည်တွင်းစစ်အတွင်း စစ်ပဋိပက္ခဖြစ်ပွားရာနေရာများနှင့် တိုင်းရင်းသားဒေသများတွင် မြန်မာစစ်တပ်၏ တိုင်းရင်းသူအမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို စစ်လက်နက်သဖွယ်၊ အသုံးပြုကာ အစီအစဉ်ချ ကျူးလွန်နေသည့် ရာဇဝတ်မှုများကို မိမိတို့ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) က အစဉ်တစိုက် ရှုတ်ချခဲ့ပြီး မြန်မာစစ်တပ်အား နိုင်ငံတကာ တရားမျှတမှုနှင့် တာဝန်ယူမှု တာဝန်ခံမှု ယန္တယားများအရ ထိရောက်စွာ အရေးယူရန် စဉ်ဆက်မပြတ် စည်းရုံးလှုံ့ဆော်လျက်ရှိသည်။

မြန်မာစစ်တပ်သည် နိုင်ငံ့အာဏာကို အတင်းအဓမ္မ သိမ်းယူခဲ့သည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့မှစပြီး ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်သည့် ပြည်သူလူထုကို အကြမ်းဖက်ဖြိုခွင်းခြင်း၊ သတ်ဖြတ်ခြင်း၊ ဖမ်းဆီးခြင်းများနှင့် ညှင်းပမ်းနှိပ်စက်မှုများကို ကျူးလွန်လျက်ရှိသည်။ ထို့အပြင် မြန်မာစစ်တပ်က စစ်မက်ဖြစ်ပွားရာ တိုင်းရင်းသားဒေသများတွင် လိင်ပိုင်းဆိုင်ရာ ရာဇဝတ်မှုကို ရည်ရွယ်ချက်ရှိရှိ နှစ်ပေါင်းများစွာ ကျူးလွန်သကဲ့သို့ လက်ရှိ စစ်ကောင်စီ၏ လုံခြုံရေးတပ်ဖွဲ့များက ထိန်းသိမ်းအဖမ်းဆီးခံ အမျိုးသမီးများအား လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို ကျယ်ကျယ်ပြန့်ပြန့် ကျူးလွန်နေကြောင်း အထောက်အထားများ ခိုင်မာစွာ ထွက်ပေါ်နေသည်။

ထို့ကြောင့် မိမိတို့အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) အနေဖြင့် ယနေ့ကျရောက်သော အပြည်ပြည်ဆိုင်ရာ ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု ပပျောက်ရေးနေ့တွင် အောက်ပါအတိုင်း တောင်းဆိုလိုက်ပါသည်။

- စစ်ကောင်စီအပါအဝင် မြန်မာစစ်တပ်၏ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်း၊ အတင်းအဓမ္မ ဖမ်းဆီး ချုပ်နှောင်ခြင်းနှင့် ညှင်းပမ်းနှိပ်စက်ခြင်းနှင့် သတ်ဖြတ်ခြင်းကို ချက်ခြင်းရပ်တန့်ရေးအတွက် ကမ္ဘာ့ကုလသမဂ္ဂ အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများ အနေဖြင့် စောင့်ကြည့်ခြင်းနှင့် ကြားဝင်ဆောင်ရွက်ခြင်းများ ဆောင်ရွက် မည့် မစ်ရှင်အဖွဲ့များ အလျင်အမြန် စေလွှတ်ရန်။
- အာဏာသိမ်းစစ်ကောင်စီအဖွဲ့ဝင်များနှင့် အရာရှိများ၏ ပဋိပက္ခအတွင်းလိင်ပိုင်းဆိုင်ရာ ရာဇဝတ်မှု ကျူးလွန်ခြင်းနှင့် ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်သော ပြည်သူလူထုများအား သတ်ဖြတ်ဖမ်းဆီးခြင်း များကို အဆုံးသတ်ရန် နှင့် တရားမျှတမှု ဖော်ဆောင်နိုင်ရေးအတွက် စစ်ကောင်စီအား အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး (သို့) အခြားနိုင်ငံတကာခုံရုံးသို့ ၎င်းတို့ပြစ်မှုအား တာဝန်ခံနိုင်ရန်အတွက် အမှုလွှဲပြောင်းစီရင်ရန်။

**ဆက်သွယ်ရန်**

မူဝါဒရေးရာ ဦးဆောင်အဖွဲ့ဝင် +66 6-5218-0525
အတွင်းရေးမှူးအဖွဲ့ဝင် +95 7-9858-2140